Japan International Cooperation Agency

Press Release

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

၂၀၂၀ခုနှစ် မတ်လ ၁၀ ရက်

နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း MACCS (Phase 2) ဆွေးနွေးမှု မှတ်တမ်း လက်မှတ်ရေးထိုးခြင်း

[မြန်ဆန်သွက်လက်သော အကောက်ခွန် စီစစ်ရေး နှင့် သင့်တော်သော အခွန်စည်းကြပ်ခြင်း ကို အထောက်အကူ ပြုမည့် အလိုအလျောက် ကုန်စည် ထုတ်ယူခြင်း ကို စစ်ဆေး အတည်ပြုခြင်း စနစ် MACCS]

ခေတ်မီသော အကောက်အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် National Single Window အတွက် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက် စေရန် နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း (Phase 2) ဖြစ်သည့် ကုန်စည်များ စိစစ်ခြင်း ကို အလိုအလျောက် စနစ် ဖြင့် အသုံးပြုဆောင်ရွက်နိုင်စေရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ နှင့် အကောက်ခွန်ဦးစီးဌာနတို့ အကြား ဆွေးနွေးမှုမှတ်တမ်း(Record of Discussion)ကို ၂၀၂၀ ခုနှစ် မတ်လ ၁၀ရက် တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

ယခု စီမံကိန်းသည် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေး မူဝါဒလမ်းစဉ်တစ်ခုဖြစ် သော Myanmar Automated Cargo Clearance System (MACCS) နှင့် Myanmar Customs Intelligence Database System (MCIS) ကို အပြည့်အဝ အသုံးချလျက် အကောက်ခွန် လုပ်ငန်းစဉ်များ တိုးတက်စေရန် ရည်ရွယ်ပါသည်။ ၎င်းစီမံကိန်း တွင် MACCS စနစ်၏ လုပ်ငန်းစဉ်များကို သေချာစွာ ရေရှည်တည်တံ့အောင် လုပ်ဆောင်ခြင်းဖြင့် အကျိုးရှိစွာ အသုံးချမှုကို မြှင့်တင်ခြင်းနှင့် ကမ္ဘာ့ အကောက်ခွန် စံချိန်စံညွှန်းများနှင့်အညီ အကောက်ခွန်လုပ်ငန်းစဉ်များ တိုးတက်အောင်လုပ်ဆောင်ခြင်းစသည့် အဓိက လုပ်ငန်းစဉ် (၂) ရပ် ပါဝင်သည်။ Sustainable Development Goals (SDG) ၏ အဓွန့်မမြောက် မျှော်မှန်းချက် အောင်မြင်စေရန် အထောက်အကူ ဖြစ် စေမည့် ဒေသတွင်းဆက်သွယ်မှု၊ စီးပွားရေး ပတ်ဝန်းကျင် တိုးတက်မှု ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စသည် တို့ကိုလွယ်ကူချောမွေ့စေရန် ယခု စီမံကိန်းမှ ပံပိုးကူညီပေးမည် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ Customs Intelligence Database System (CIS) နှင့် Nippon Automated Cargo and Port Consolidated System (NACCS) တို့ကို အခြေခံကာ ဂျပန်နိုင်ငံ၏ အထောက်အပံ့အကူအညီနှင့် နည်းပညာ အကူအညီ တို့ဖြင့် MACCS/MCIS စနစ်များကို မြန်မာနိုင်ငံ၌ အောင်မြင်စွာ မိတ်ဆက်တည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။

Japan International Cooperation Agency

Press Release

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

စီမံကိန်း၏ အသေးစိတ် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နိုင်ငံ - ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

စီမံကိန်းခေါင်းစဉ် - ကုန်စည်များစိစစ်ခြင်းကို အလိုအလျောက်အသုံးပြုဆောင်ရွက်ခြင်း စနစ်ဖြင့် ခေတ်မီ သော အကောက်အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် National Single Window အတွက် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (အဆင့် ၂)

စီမံကိန်းဆောင်ရွက်မည့် ကာလ - ၃၆ လ

စီမံကိန်းဆောင်ရွက်မည့် ဌာန - အကောက်ခွန် ဦးစီးဌာန ၊ စီမံကိန်း ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီးဌာန

စီမံကိန်းဆောင်ရွက်မည့် ဒေသ - ရန်ကုန်နှင့် အခြားသော MACCS/MCIS စနစ် တပ်ဆင်ထားသော ဧရိယာများ

စီမံကိန်းအသေးစိတ် - သင့်တော်သော အခွန်စည်းကြပ်ခြင်း နှင့် ပိုမိုလျှင်မြန် အကျိုးရှိသော အကောက်ခွန် စိစစ်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ယခု စီမံကိန်းသည် MACCS နှင့် MCIS စနစ်များ၏ ထိရောက်စွာ အသုံးချမှုကို မြှင့်တင် ပေးမည် ဖြစ်ပါသည်။ ယခု စီမံကိန်းသည် အရေးကြီးသော ကိစ္စရပ်များ ဖြစ်သည့် အထက်ဖော်ပြပါ စနစ်လုပ်ငန်းစဉ်များ ရေရှည်တည်တံ့စွာ လည်ပတ်နိုင်ရန်၊ ဖြစ်နိုင် ခြေရှိသော အခက်အခဲများကို စီမံခန့်ခွဲရန် ၊ MACCS/MCIS စနစ်အတွက် သင်တန်း များ ပို့ချရန် ၊ MACCS စနစ်ကို အခြားသော အစိုးရအဖွဲ့အစည်းများ ၏ ကွန်ပြူတာ စနစ်များ (ဥပမာ -နိုင်ငံတော်၏ငွေပေးချေမှုစနစ် ဖြစ်သော CBM-Net, National Single Window and Asian Single Window စသည်) နှင့် ချိတ်ဆက်ရန် ၊ MACCS စနစ်ကို နယ်စပ်ဒေသများသို့ ချဲ့ထွင်ရန် ၊ ခေတ်မီသော နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့် အညီ အကောက်ခွန်စိစစ်ခြင်းနှင့် နောက်ပိုင်း စာရင်းစစ်ခြင်း(Post Clearance Audit) တို့အပါအဝင် အကောက်အခွန်ဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များ ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

Japan International Cooperation Agency